- အမျိုးသမီးများက ၎င်းတို့အနေဖြင့် ကျေးလက်ဒေသရှိ ကျောင်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုများ အကြောင်း ပိုမိုနားလည်သိရှိရန် မေးခွန်းများမေးချင်ကြသော်လည်း ထိုသတင်းအချက်အလက်များ ရရှိရန် သို့မဟုတ် အကြံဥာဏ်များရယူရန် နည်းလမ်းများရှာဖွေသည့်အချိန်တွင် အတားအဆီးများနှင့် တွေ့ကြုံရသည့်အကြောင်းများ ကိုလည်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ ထို့အပြင် မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ၏ အရည်အသွေးသည် ဝန်ထမ်း တစ်ဦးချင်းစီ၏ စိတ်နေသဘောထား အပေါ်တွင် များစွာမူတည်သည်ဟု ခံစားရကြောင်း အမျိုးသမီးအချို့မှ ထုတ်ဖော်ပြောဆိုကြပါသည်။
- ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတွင် တိုးတိုးတိတ်တိတ်တစ်မျိုး ထင်ထင်ပေါ်ပေါ် တစ်ဖုံ ငွေကြေး တောင်းခံမှုများကြောင့် အမျိုးသမီးများအနေနှင့် ၎င်းတို့အတွက် အရေးပါသည့် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ရယူရန် အခက်အခဲ ကြုံတွေ့ကြရပါသည်။ တိုးတိုးတိတ်တိတ် တောင်းဆိုသည့်ငွေများတွင် ကျောင်းများ၌ ခေါင်းစဉ်အတိအကျ သတ်မှတ်ထားခြင်း မရှိဘဲ အပိုထပ်ဆောင်းတောင်းဆိုသည့် ငွေကြေးများကို ဆိုလိုပါသည်။

## အပစ်အခတ် ရပ်စဲရေး၊ စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများနှင့် ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲ

- ၂၀၁၂ ခုနှစ်တွင် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှင့် တစ်နိုင်ငံလုံး အတိုင်းအတာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် စာချုပ်များကို ခေါင်းဆောင်များမှ လက်မှတ်ရေးထိုး ခဲ့ကြသော်လည်း အမျိုးသမီးများအနေဖြင့် ၎င်းတို့ နေထိုင်ရာဒေသများတွင် လက်နက်ကိုင် တပ်ဖွဲ့များ ဆက်လက် တပ်စွဲထားခြင်းကြောင့် ဘဝလုံခြုံမှု အာမခံချက် အပြည့်အဝ မရှိသေးကြောင်း၊ အဓိကအားဖြင့် ကျား၊မ အခြေပြု အကြမ်းဖက်မှုများ ပိုမိုများပြားလာနိုင်သည်ဟု အမျိုးသမီးများက ဆက်လက် တင်ပြခဲ့ကြသည်။ ဤကဲ့သို့သော ဘေးအန္တရာယ်များနှင့် ခြိမ်းခြောက်မှုများ ဆက်လက်တည်ရှိနေခြင်းသည် အမျိုးသမီးများ၏ စားဝတ်နေရေးအတွက် လယ်ယာစိုက်ခင်းများနှင့် တောထဲသို့ သွားရောက်အလုပ်လုပ်ရန်သော်လည်းကောင်း၊ စာသင်ကျောင်းများနှင့် ဆေးရုံ၊ ဆေးပေးခန်းများသို့ သွားရောက်ရန်သော်လည်းကောင်း အဟန့်အတားများ ဖြစ်စေပါသည်။
- ၂၀၁၅ခုနှစ် အထွေထွေ ရွေးကောက်ပွဲသည် ကရင်လူမျိုးများနှင့် သက်ဆိုင်မှုရှိသည်ဟု မမြင်ကြကြောင်း အမျိုးသမီး အများစုက တင်ပြခဲ့ကြသည်။ အချို့သော အမျိုးသမီးများက ရွေးကောက်ပွဲရလဒ်အား အကောင်းမြင်သော်လည်း ကျန်သောအမျိုးသမီးများမှာမူ ရွေးကောက်ပွဲရလဒ်အပေါ် ဝေဖန်ပြောဆိုမှု မှတ်ချက်တစ်စုံတစ်ရာမပေးလိုကြပါ။



ဤပုံကို ၂၀၁၄ခုနှစ် ဒီဇင်ဘာလ ၁ရက်၊ ဂ---ကျေးရွာ၊ ထန်းတပင်မြို့နယ်၊ တောင်ငူခရိုင်တွင် KHRGဒေသခံအဖွဲ့ဝင်တစ်ဦးမှ ရိုက်ကူးထားပြီး တပ်မတော်စစ်သားနှင့်စစ်ကားများက---ရွာသို့ရွှေ့ပြောင်းသွားသည့်ပုံဖြစ်ပါသည်။ ဓါတ်ပုံထဲတွင်ပါရှိသည့်တပ်မတော်စစ်သားများပုံသည် (စကခ)အမှတ်၅ အဖွဲ့မှ တပ်မတော် စစ်သားများဖြစ်ပါသည်။ အဆိုပါစစ်သားများသည် ဘူးဆရွာရှိ အရှေ့တန်း တပ်စခန်းသို့၎င်းတို့စစ်ကြောင်းမှ ပြောင်းရွှေ့၊ ရိက္ခာသယ်ယူနေခြင်းဖြစ်ပါသည်။တချိန်တည်းမှာပင် ၎င်းတို့သည် လမ်းများကိုလည်း ပြုပြင်ခဲ့ကြပါသည်။ (*ဓာတ်ပုံ KHRG*)



ဤပုံကို KHRG သတင်းစုဆောင်းသူမှ ၂၀၁၅ခုနှစ် နိုဝင်ဘာလ ၈ရက်နေ့၊ကျုံဒိုးမြို့နယ်၊ ဒူးပလာယာခရိုင် တွင် ရိုက်ကူးထားခြင်းဖြစ်ပါသည်။ ပုံတွင် ကျောင်းဆရာမများမှ တစ်နိုင်ငံလုံးဆိုင်ရာ အထွေထွေရွေးကောက်ပွဲအတွက် မဲရေတွက်ခြင်းကို ကူညီပေးနေသည် ကိုမြင်တွေ့ ရပါမည်။ *(ဓာတ်ပုံ KHRG)*

